ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

**အမိန့်ကြော်ငြာစာ**

ရန်ကုန်မြို့၊ ၁၃၇၄ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော်    ရက်

( ၂၀၁၂ ခုနှစ်  ဩဂုတ်လ ၁၀  ရက် )

အမှတ်။        ပင်လယ်အကောက်ခွန်ဥပဒေပုဒ်မ(၂၄)အရ အပ်နှင်းထားသော အခွင့်အာဏာများကို ကျင့်သုံးလျက် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် အောက်ဖော်ပြပါပစ္စည်းများကို အကောက်ခွန်ကင်းလွတ်ခွင့်ရှိသော ခရီးသည်ကိုယ်သုံးဝန်စည်ပစ္စည်းများအဖြစ် ပြင်ဆင်သတ်မှတ်လိုက်သည်-

(က) ခရီးသည်ကိုယ်သုံးဝန်စည်များ

(၁) ခရီးဆောင်အပျော်တမ်းရိုက် ကင်မရာတစ်လုံး၊ ၎င်းနှင့်ဆက်စပ်နေသော ခရီးဆောင်အပိုပစ္စည်းတစ်စုံ (Professional ပစ္စည်းများမပါ)

(၂) (၁၅)ချောင်းထက်မပိုသော ဂေါက်သီးရိုက်တံတစ်စုံ (Golf Set One Set) တင်းနစ် (သို့မဟုတ်) ကြက်တောင်ရိုက်တံ(၂)ချောင်း၊ ငါးမျှားတံတစ်ချောင်းနှင့် ရစ်ဘီး၊ ကြိုး၊ ငါးစာအတု စသည့်ငါးမျှားကိရိယာတစ်စုံ၊

(၃) စက်ဘီးတစ်စီး၊

(၄) ဆရာဝန်ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ လမ်းခရီးတွင် ခရီးသည်အမှန်တကယ်သုံးစွဲရန် လိုအပ်သည့် တားမြစ်ကန့်သတ်ချက်မရှိသော ကိုယ်သုံးဆေးဝါးများ

(၅) နှစ်လီတာထက်မပိုသော အရက်ယမကာမျိုးစုံ၊

(၆) (၁၅၀) ml ထက် မပိုသော ရေမွှေး၊

(၇) လိပ်ရေ (၄၀၀) ထက်မပိုသော စီးကရက်၊ လိပ်ရေ (၅၀) ထက်မပိုသော ဆေးပြင်းလိပ်၊ (၂၅၀) gm ထက်မပိုသော ဆေးတံသောက်ဆေး၊

(၈) မြန်မာနိုင်ငံသားခရီးသည် မြန်မာနိုင်ငံမှ ထွက်ခွာသွားချိန်တွင် ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် ယူဆောင်သွားသော လက်ဝတ်ရတနာများ၊

(၉) ခရီးသည်လမ်းခရီးအသုံးပြုရန်ဖြစ်သော ခရီးဆောင် Protable Audio Player တစ်ခု၊

(၁၀) အမှတ်တရရိုက်ကူးရေးအတွက် ခရီးဆောင် Video Camera, HD Cam, DV Cam စသည့်ကိရိယာတစ်ခုနှင့် အရံဓာတ်ခဲတစ်စုံ၊

(၁၁) ခရီးဆောင် Computer တစ်ခု၊ ယင်းနှင့်ဆက်စပ်ပစ္စည်းတစ်စုံ

(၁၂) တန်ဖိုးအမေရိကန်ဒေါ်လာ ၅၀၀ ထက်မပိုသော ခရီးသည်အသုံးပြုရန် လျှပ်စစ်နှင့်အီလက်ထရောနစ်ပစ္စည်းများ၊

(၁၃) (၃၂)လက်မTV တစ်လုံး၊

(၁၄) ရုပ်သံမသွင်းရသေးသော CD ပြားအကြီး(၆)ချပ်၊ အသေး(၁၂)ချပ်၊ MD(Mini Disc) ၆ ချပ်၊ ဗွီဒီယိုတိတ်ခွေအလွတ် (၆)ခွေ၊ အသံမသွင်းရသေးသော ကက်ဆက်ခွေ (၆) ခွေ၊ (DV Cam, HD Cam) များအတွက် အခွေလွတ် (၆)ခွေ၊ Portable Data Storage Thumb Drive (၂)ခု။

(ခ) အထက်ဖော်ပြပါ ပစ္စည်းများမှအပ သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းခြင်းမရှိသော ခရီးသည်တစ်ဦး၏ ကိုယ်သုံးအတွက် ယူဆောင်လာသော ပစ္စည်းများ တန်ဖိုးအမေရိကန်ဒေါ်လာ (၅၀၀) ထက်မပိုသောပစ္စည်းများကို ခရီးသည်ကိုယ်တိုင်အသုံးပြုရန် ဖြစ်သည်ဟု ညွှန်ကြားရေးမှူးချုပ်(သို့မဟုတ်) ၎င်းမှ အာဏာလွှဲအပ်ထားသော အကောက်ခွန်အရာရှိမှ ယုံကြည်လက်ခံလျှင် အကောက်ခွန်ကင်းလွတ်ခွင့်ရှိသော ဝန်စည်အဖြစ်သတ်မှတ်နိုင်သည်။

(ဂ) နိုင်ငံတော်အဖွဲ့အစည်းများနှင့် ဆက်စပ်၍သော်လည်းကောင်း၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ဆက်စပ်၍သော်လည်းကောင်း၊ နိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှုနှင့်အခြားလုပ်ငန်းတာဝန်များ ဆောင်ရွက်ရန် ရောက်ရှိလာသည့် နိုင်ငံခြားသားများမှ ယူဆောင်လာသည့် အောက်ဖော်ပြပါပစ္စည်းများကို နိုင်ငံတော်မှ ပြန်လည်ထွက်ခွာချိန်တွင် ပြန်လည်ထုတ်ဆောင်သွားပါမည်ဟု ကတိခံဝန်ချက်ပြုပါက စတင်ရောက်ရှိသည့်အချိန်မှ တစ်နှစ်တာကာလအထိ အကောက်ခွန်ကင်းလွတ်ခွင့်ပြုသည့် ခရီးသည်ဝန်စည်အဖြစ် သတ်မှတ်နိုင်သည်။ တစ်နှစ်ကျော်သွားပါ က အခွန်ပေးဆောင်ရမည်ဖြစ်သည်။

(၁) VCR (သို့မဟုတ်) DVD Player တစ်လုံး၊

(၂) TV တစ်လုံး၊

(၃) ခရီးဆောင် Radio တစ်လုံး (သို့မဟုတ်) ကက်ဆက်တစ်လုံး(Home Theatre မပါ )၊

(၄) Laptop (သို့မဟုတ်) Note Book တစ်ခု၊

(၅) လုပ်ငန်းသုံး Tools & Equipments များ။

(ဃ) နိုင်ငံခြားတွင် သေဆုံးသွားသော ခရီးသည်တစ်ဦး၏ပစ္စည်းများကို နိုင်ငံတော်အတွင်း ပြန်လည်တင်သွင်းလာပါက အကောက်ခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်စည်အဖြစ် သတ်မှတ်နိုင်သည်။

အမှတ်။	အကောက်ခွန်ဦးစီးဌာန၏ ၂၁-၅-၂၀၀၇ ရက်စွဲပါစာအမှတ်၊ ၅၇-က-၂၀၀၇ ဖြင့် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာ (၂/၂၀၀၇)အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ထွန်းသိန်း
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၅၇-က-၂၀၀၇
ရက်စွဲ၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၁၀ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်

**အကောက်ခွန်ဦးစီးဌာန -**

ဒုတိယညွှန်ကြားရေးမှူးချုပ်
ညွှန်ကြားရေးမှူးများ
ဒုတိယညွှန်ကြားရေးမှူးများ/ရေယာဉ်မှူးများ
ပြည်နယ်/တိုင်းဒေသကြီးဦးစီးဌာနမှူးများ
မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးများ
ဌာနခွဲများ
ရုံးချုပ်လုပ်ငန်းဌာနစု ( အပို ၁၀ စောင် )
ဌာနစိတ်/လုပ်ငန်းစုများ

ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း (မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြော်ငြာပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။)
လက်ခံစာတွဲ
မျှောစာတွဲ